**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ညွှန်ကြားချက်အမှတ် - ၁ /၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**
**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လူနှင့်တိရစ္ဆာန်များတွင် နွားရူးရောဂါ ကူးစက်ဖြစ်ပွားခြင်းမှ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စားမြုံ့ပြန်သတ္တဝါများမှ ထွက်ရှိသော အသား၊ အရိုး၊ ဦးနှောက်နှင့် အာရုံကြောအစိတ်အပိုင်းများ၊ ပြုပြင်ထုတ်လုပ်ထားသော အသားနှင့်အရိုးထွက်ပစ္စည်းများနှင့် တိရစ္ဆာန်ပရိုတိန်းဓာတ်များအား အခြားသော စားမြုံ့ပြန်သတ္တဝါများကို ကျွေးမွေးရန်ထုတ်လုပ်သည့် ဖြည့်စွက်စာများထဲတွင် ရောစပ်၍ ထုတ်လုပ်ရောင်းချခြင်းနှင့် ထည့်သွင်းကျွေးမွေးခြင်းကို ထိန်းချုပ်ကန့်သတ်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ လိုက်နာရမည့် ညွှန်ကြားချက်**

၁။ နွားရူးရောဂါ (Bovine Spongiform Encephalopathy) သည် စားမြုံ့ပြန်သတ္တဝါများတွင် ကူးစက်ဖြစ်ပွားတတ်သည့် တိရစ္ဆာန်ရောဂါဖြစ်ပါသည်။ ဤရောဂါသည် ဦးနှောက်နှင့်ကျောရိုးအာရုံကြောများတွင် မူမမှန်သည့် အာရုံခံဆဲလ်ပရိုတိန်းများနှင့် ထိတွေ့မှုကြောင့် ကူးစက်ပျံ့ပွားသော ရောဂါဖြစ်ပါသည်။

၂။ စားမြုံ့ပြန်သတ္တဝါများ၏ တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်သည့် (နို့နှင့်နို့ထွက်ပစ္စည်းများမှအပ) အသား၊ အရိုး၊ ဦးနှောက်နှင့်အာရုံကြောအစိတ်အပိုင်းများ၊ ပြုပြင်ထုတ်လုပ်ထားသော အသားနှင့် အရိုးထွက်ပစ္စည်းများ (Meat-and Bone-Meal)၊ တိရစ္ဆာန်ပရိုတိန်းအသားဓာတ် (Processed Animal Protein) များ (ယင်းတွင် မော်လီကျူလာအလေးချိန် ၁၀,၀၀၀ dalton ထက်နည်းသည့် Peptides နှင့် Amino Acid များမပါ) ကို နွားရူးရောဂါ ကူးစက်မှုဖြစ်ပွားစေသည့် အန္တရာယ်ရှိသော ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည်။

၃။ အပိုဒ် (၂) ပါ တိရစ္ဆာန်ထွက်ပစ္စည်းများကို စားမြုံ့ပြန်သတ္တဝါများအား ကျွေးမွေးမည့် တိရစ္ဆာန်အစာများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကျွေးမွေးခြင်းမပြုရန် တားမြစ်လိုက်သည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်ရက်မှစ၍ (၆) လနောက်ပိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော စားဖြူပြန်သတ္တဝါများအားကျွေးမွေးမည့် တိရစ္ဆာန်အစာများအတွက် အကျိုးသက်ရောက်မှုရှိသည်။

၅။ ဤညွှန်ကြားချက်ကို လိုက်နာမှုရှိ/မရှိ ဈေးကွက်အတွင်းစစ်ဆေးခြင်း (Post Market Surveillance) ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာသန်းထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၂ (၀၃၅)
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ (အားလုံး)
ခရိုင်ဦးစီးဌာနမှူးများ (အားလုံး)
မြို့နယ်ဦးစီးဌာနမှူးများ (အားလုံး)
ကြော်ငြာသင်ပုန်း (သက်ဆိုင်သူများသိစေရန်)
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ/ကုမ္ပဏီများ (အားလုံး)

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ (အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်
မျှောစာတွဲ/ လက်ခံစာတွဲ